နေ့စွဲ – ၁၅. ၈. ၁၀

(Doctrine According to Godliness, Rev. Ronald Hanko၏စာအုပ်မှ ဘာသာပြန်ပါသည်)

## ကျမ်းစာ၏နားလည်ရန်လွယ်ကူခြင်း(The Perspicuity of Scripture)

"ကျမ်းစာ၏နားလည်ရန်လွယ်ကူခြင်း" ဆိုသောခေါင်းစဉ်ကို သင် ကြားဖူးကောင်းကြားဖူးပါလိမ့်မည်၊ ထို့အပြင် ဘာကိုများဆိုလိုသနည်းဟု သိလည်း သိချင်ပါလိမ့်မည်။ ဆိုလိုသည်မှာ ကျမ်းစာသည် ရှင်းလင်းသည် (clear)၊ လွယ်လွယ်ကလေးနားလည်နိုင်သည်(easily understood)ဟူ၍ဖြစ်သည်။

နားလည်ရန်လွယ်ကူခြင်းသည် ကျမ်းစာ၏အံ့သြစရာကောင်းခြင်းများထဲမှ တစိတ်တပိုင်းဖြစ်ပါသည်။ အထူးသဖြင့် ကျမ်းစာက ဘုရားသခင်ကို ဖွင့်ပြနေခြင်းကြောင့်ဖြစ်ပါသည်။ အနန္တဖြစ်တော်မူသော၊ ထာဝရဖြစ်တော်မူသော ဘုရားသခင်သည် မိမိကိုယ်ကို ကျွန်တော်တို့ထံ ဖွင့်ပြခြင်းငှာ အလိုရှိယုံသာမကပါ၊ ဖွင့်ပြတော်မူသည့်အခါ၌လည်း ရှင်းလင်းစွာ၊ ရိုးစင်းစွာ ဖွင့်ပြတော်မူခြင်းသည် အံ့သြစရာကောင်းလှပါသည်။

သို့သော် ကျမ်းစာထဲတွင် ခက်ခဲသောကျမ်းပိုဒ်များ၊ ခက်ခဲသောစာအုပ်များ ပါဝင်နေပါသည်ဆိုသောအချက်ကို ကျွန်တော်တို့မငြင်းပါ။ ကျမ်းစာကိုယ်၌က ထိုသို့ဖြစ်ကြောင်း သင်ပေးနေပါသည် (ဆာလံ ၇၈း၂၊ ၂ပေ ၃း၁၆)။ သို့သော်၊ ယုံကြည်ခြင်းနှင့်ပတ်သက်သည့် ဩဝါဒများ၊ ဘုရားသခင့်ဘုန်းတော်ထင်ရှားဖို့နှင့် ကျွန်တော်တို့ကယ်တင်ခြင်းရဖို့ လိုအပ်သောအကြောင်းအရာများကိုမူ ကျမ်းစာက ရှင်းလင်းစွာ သင်ပေးပါသည်။

ဆာလံ ၁၁၉း၁၀၅က နားလည်ရန်လွယ်ကူခြင်းသဘောကို သင်ပေးပါသည် "ကိုယ်တော့်နှုတ်ကပတ်တော်သည် ကျွန်ုပ်ရှေ့တွင် မီးခွက်ဖြစ်ပါသည်၊ သွားရမည့်လမ်းခရီးတွင် အလင်းဖြစ်ပါသည်။" ကျမ်းစာသည် မရှင်းမလင်းဖြစ်နေလျှင်၊ "အလင်း"ဟုခေါ်၍မရပါ။ ဤကျမ်းပိုဒ်က သွားမည့်လမ်းတွင် အလင်းဖြစ်သည်ဟုပြောရာ၊ ဆိုလိုသည်မှာ ဘဝတလျှောက်လုံးကိုဖြစ်ပါသည်။ ထို့ကြောင့် ကျမ်းစာသည် ဘဝတလျှောက်လုံး ကောင်းကင်ဘုံရောက်သည်အထိ လမ်းပြပို့ဆောင်ပေးမည့်၊ လုံခြုံသော၊ အားကိုးထိုက်သော လမ်းပြဖြစ်သည်ဟုပြောနေခြင်းဖြစ်ပါသည်။

ကျမ်းစာသည် ရှင်းလင်းသဖြင့် ပညာမတတ်သူများ၊ ကလေးငယ်များပင် နားလည်နိုင်ပါသည်။ ထို့ကြောင့် ထိုသူများနားမလည်ဟု မပြောသင့်ပါ။ ကျမ်းစာကို ဧဝံဂေလိတရားရောက်သည့် လူမျိုးတိုင်း၏ ဘာသာစကားတိုင်းသို့ ဘာသာပြန်သင့်ပါသည်၊ ထိုသို့ဖြင့် ကျမ်းစာကို သူတို့ အမြဲတမ်းဖတ်နိုင်ကြမည်၊ အလင်းကို သူတို့နှင့်အတူ အမြဲထားရှိနိုင်ကြပါမည်။

သို့သော် ကျမ်းစာ၏နားလည်ရလွယ်ကူခြင်းအကြောင်းနှင့်ပတ်သက်၍ သိသင့်သိထိုက်သောအချက်များ ရှိနေပါသည်၊ သို့မဟုတ် မှားယွင်းခြင်းသို့ရောက်ကြမည်ကို စိုးရိမ်ရပါသည်။ ၎င်းတို့မှာ

ပထမအနေနှင့် အချို့သောကျမ်းပိုဒ်တို့သည် ခက်ခဲသဖြင့်၊ ထိုသို့သောကျမ်းပိုဒ်များကို ပို၍ရှင်းလင်းသော ကျမ်းပိုဒ်များနှင့်နှိုင်းယှဉ်ချိန်ထိုး၍ အနက်ဖွင့်ရပါမည်။ မည်သည့်ခက်ခဲသောကျမ်းပိုဒ်ကမဆို၊ ကျမ်းစာ၏ အရေးကြီးသောဩဝါဒများကို ဆန့်ကျင်ဖက်မဖြစ်စေရ။ (သို့) ဘုရားသခင်အားကျေးဇူးတင်စွာအသက်ရှင်ခြင်းအတွက် ရှင်းလင်းစွာသင်ပေးသော ဥပဒေသများနှင့်ဆန့်ကျင်ဖက် မဖြစ်စေရ။

ဒုတိယအနေနှင့် ကျမ်းစာသည် ယုံကြည်သူတို့အတွက်သာ ရှင်းလင်းနေပါသည်။ မယုံကြည်သူသည် ကျမ်းစာကို နားမလည်နိုင်ပါ။ အဘယ်ကြောင့်ဆိုသော ကျမ်းစာထဲတွင်ပါသောအရာများသည် ဘုရားသခင် ၏ အကြောင်းအရာများ ဖြစ်ကြ၍ဖြစ်ပါသည်။ မယုံကြည်သူတို့သည် ဝိညာဉ်ရေးရာမျက်စိကန်းနေသူများ ဖြစ်ကြသည် (၁ကော ၂း၁၄)။ ထိုအချက်ကို အမြဲသတိရပါ။ အထူးသဖြင့် ကျမ်းစာ၏အရေးကြီးသောအ မှန်တရားများကို၊ ဥပမာ – သခင်ခရစ်တော်၏

ဘုရားဖြစ်တော်မူခြင်းအမှန်တရားကို၊ ငြင်းပယ်ကြသူများနှင့် စကားပြောကြသည့်အခါဖြစ်သည်။ ထိုသို့သောသူသည် ကျမ်းစာမှနေ၍ သခင်ခရစ်တော်သည် ဘုရားစစ်စစ် ဖြစ်တော်မူကြောင်း မတွေ့မြင်နိုင်သည့်အခါ၊ ထိုသို့သော အရေးကြီးလှသည့်ပြဿဒကို ရှင်းလင်းစွာ သင်ပေး နေသည့် ကျမ်းစာကို ကျွန်တော်တို့ သံသယ ဖြစ်မနေသင့်ပါ။ ပြဿနာသည် ကျမ်းစာမရှင်းလင်းခြင်း မ ဟုတ်ပါ။ ပြဿနာသည် ထိုမယုံကြည်သူ၏ စိတ်နှလုံးဖြစ်ပါသည်။ မည်သူမဆို ကျမ်းစာကသင်ပေးသည့်အ ရာများကို နားလည်သဘောပေါက်ရန်၊ ထိုသူ၏စိတ်နှင့်နှလုံးသားကို သန့်ရှင်းသောဝိညာဉ်တော်က ဖွင့်ပေး လျှက်၊ အလင်းတရားကိုပေးမှ နားလည်နိုင်မည်ဖြစ်သည်။ ထိုအချက်မပါလျှင်၊ ကျမ်းစာပိုဒ်များကိုပြသ ခြင်း၊ ယုတ္တိရှိစွာ တင်ပြခြင်း၊ ဆွေးနွေးငြင်းခုံခြင်းတို့သည် အချည်းအနှီးသာဖြစ်သည်။

ကျမ်းစာသည် ဘုရားသခင်၏ကိုယ်ပိုင်ဖွင့်ပြတော်မူခြင်း၏ ရှင်းလင်းသော အလင်းတရားဖြစ်သဖြင့် ကျွန်တော်တို့သည် ထိုအလင်းတရားနောက်သို့ လိုက်ကြရမည်ဖြစ်ပါသည်။ ၁ယော ၁း၆၊၇ က ကျွန်တော်တို့ကို ကတိပေးသလို၊ သတိလည်းပေးနေပါသည်၊ “ငါတို့သည် ဘုရားသခင်နှင့်မိဿဟာယဖွဲ့ပြီဟု ဆိုလျှက်ပင်၊ မှောင်မိုက်၌ ကျင်လည်လျှင်၊ သစ္စာတရားကိုမကျင့် (အမှန်တရား၌မရှိ)၊ မုသာကိုသုံး(လိမ်)သောသူ ဖြစ်ကြ ၏။ ဘုရားသခင်သည် အလင်း၌ရှိတော်မူသကဲ့သို့ ငါတို့သည် အလင်း၌ကျင်လည်လျှင်၊ အချင်းချင်း မိဿ ဟာယဖွဲ့ကြသည်ဖြစ်၍၊ ဘုရားသခင်၏သားတော် ယေရှုခရစ်၏အသွေးတော်သည် ငါတို့အပြစ်ရှိသမျှကို ဆေးကြောတော်မူ၏။”

## ဘာသာပြန်ကျမ်းစာများ(Bible Versions)

ယနေ့ခေတ်တွင် ကျမ်းစာ ဘာသာပြန်မှုများ အလွန်များနေသဖြင့်၊ ထိုဘာသာပြန်မှုများကိုဖတ်လိုက်လျှင် ဘုရားသခင်၏နှုတ်ကပတ်တော်ကို မမှတ်မိနိုင်တော့လောက်အောင် ဖြစ်နေပါသည်။ ထိုသို့ ဘာသာပြန်များကို အဆက်မပြတ်ထုတ်လုပ်နေကြခြင်းသည် အတော်ပြဿနာကြီးလာနေပါသည်။ ကျမ်းစာသည် အရာခပ်သိမ်းအတွက် လုံလောက်သော၊ ဘုရားသခင်ကမှုတ်သွင်းတော်မူသောအရာ ဖြစ်သည်ဆိုလျှင်၊ ကောင်းမွန်သောဘာသာပြန်ကျမ်းကို အသုံးပြုရန်သည် အလွန်အရေးကြီးလာပါသည်။

မည်သည့် ဘာသာပြန်မှုသည် အကောင်းဆုံးဖြစ်သည်ဟု အကြံမပြုခင်၊ ထိုသို့ မြောက်များစွာသော ဘာသာပြန်မှုများကို ထုတ်လုပ်နေကြခြင်းသည်၊ ဘုရားသခင်၏လူများထံမှ ကျမ်းစာကို အကောင်းဆုံး နှုတ်ယူထားခြင်း နည်းလမ်းတခုဖြစ်နေပါသည်။ အဘယ်ကြောင့်ဆိုသော် ဘာသာပြန်ကျမ်းမူအများအပြားကို သုံးခြင်းဖြင့် ကျမ်းစာတပိုဒ်ကို ကိုးကားသည်အခါ၊ (သို့) တရားဟောသည့်အခါ မည်သူကမှ ထိုကျမ်းပိုဒ်ကို ရင်းနှီးခြင်း၊ မှတ်မိခြင်း မရှိတော့သောကြောင့်ဖြစ်သည်။ ကလေးများအတွက် ကျမ်းစာသင်ယူခြင်း၊ အလွတ်ကျက်မှတ်ခြင်းတွင်လည်း မလွယ်ကူတော့ပါ၊ အဘယ်ကြောင့်ဆိုသော် မျိုးစုံသောကျမ်းမူများကို မျိုးစုံသော နေရာတို့၌ ကြားနေရသောကြောင့်ဖြစ်ပါသည်။ အိမ်တွင် ဘာသာပြန်မူတမျိုး၏အသံကိုကြားသည်၊ ကျောင်းတွင် နောက်တမျိုး၊ ဘုရားကျောင်းတွင် နောက်တမျိုး၊ မိဿဟာယအဖွဲ့များတွင် နောက်တမျိုး၊ ကျမ်းစာဆွေးနွေးပွဲများတွင် နောက်တမျိုး ထို့ကြောင့် ဘာကိုမှမမှတ်မိနိုင်ကြတော့ပါ။

ထို့အပြင် ထိုသို့သော ဘာသာပြန်မူများသည် ကျမ်းစာကိုမယုံကြည်တော့သည့် မော်ဒန်ဝါဒ(modernism)ထွန်းကားလာချိန်၊ လမ်းလွဲခြင်းများပေါ်လာကြချိန်၊ သံသယမျိုးစုံလွှမ်းမိုးချိန်၊ အသင်းတော်သည် ယခင်ကကဲ့သို့ ကျမ်းစာကို သေချာယုံကြည်လျှက် ယုံကြည်ခြင်း၌ သန်မာခြင်း မရှိတော့ချိန်များတွင်ပေါ်ထွက်လာကြခြင်းဖြစ်ပါသည်။ ထို့အတွက်ကြောင့်ပင် ထိုခေတ်သစ်ဘာသာပြန်မူများကို သံသယဖြစ်နေရခြင်းဖြစ်ပါသည်။ အမြောက်အများသည် မှန်ကန်သောဘာသာပြန်ခြင်း မဟုတ်ကြပါ၊ စကားပြေဖြင့် ရေးချင်သလို ပြန်ရေးကြခြင်းများသာဖြစ်ကြသည်၊ ဥပမာ The Living Bible, Today English Bible။ မဟုတ်လျှင်လည်း၊ ဘာသာပြန်ခြင်းတဝက်၊ စကားပြေပြန်ရေးခြင်းတဝက် ရောနှောကျမ်းများဖြစ်ကြသည်၊ ဥပမာ NIV။

ထို့ကြောင့် ကျွန်တော်တို့ညွှန်ပြချင်သော ဘာသာပြန်မူသည် King James Version (KJV) ဖြစ်ပါသည်။ ၎င်းကို အင်္ဂလန်တွင် Authorized Version ဟု ခေါ်ပါသည်။ ထိုကျမ်းမူကိုသုံးသင့်ကြောင်း အချက်တော်တော်များများ ပြောပြနိုင်ပါသည်၊ အရေးကြီးဆုံးအချက်မှာ ၎င်းကျမ်းမူသည် မူရင်း ဂရိနှင့်ဟီဗရူးကျမ်း

တို့ကို မှန်ကန်တိကျစွာ ဘာသာပြန်ထားခြင်းကြောင့်ဖြစ်သည်။ အချို့က ၁၆၁၁ ခုနှစ်ကထုတ်ဝေသော(KJV) ကျမ်းစာ၏အင်္ဂလိပ်စကားသည်၊ ၁၆၀၀ ဝန်းကျင်က အင်္ဂလိပ်စကားနှင့်မတူပါဟု စွတ်စွဲတတ်ကြပါသည်။ သို့သော် (KJV)ကိုဘာသာပြန်သူများက မူရင်းဂရိနှင့်ဟီဗရူးကိုသာ ဖြစ်နိုင်သမျှ တိကျသေချာရန် ဘာသာပြန်ခဲ့ကြသောကြောင့် ထိုသို့ဖြစ်ရခြင်းဖြစ်သည်။ (KJV)သည် တိကျသောဘာသာပြန်ဖြစ်ကြောင်း၊ မူရင်း ဂရိနှင့် ဟီဗရူးတွင် မတွေ့ရသော စကားလုံးမှန်သမျှကို၊ စာလုံးစောင်းဖြင့်(italic)ဖေါ်ပြခြင်းတွင် တွေ့နိုင်ပါသည်။

ခေတ်သစ်ဘာသာပြန်မူများသည် (KJV)ကိုဘာသာပြန်စဉ်မတွေ့ရသေးသော ပို၍ကောင်းမွန်သည့် မူရင်းကျမ်းမူများအပေါ် တည်မှီ၍ဘာသာပြန်သည်ဆိုခြင်းသည်လည်း မမှန်ပါ။ (KJV)ဘာသာပြန်စဉ်က မတွေ့ခဲ့သေးသောကျမ်းမူများကို တွေ့ကြသည်တော့ အမှန်ဖြစ်သည်။ သို့သော် ထိုထပ်တွေ့သောကျမ်းမူများသည် အင်မတန်ရှေးကျကြသော်လည်း၊ အမှားများ၊ သက်သက်မဲ့ပြင်ဆင်ထားခြင်းများ၊ ချန်ထားခဲ့သည်များ ပြည့်နေသော ကျမ်းမူများဖြစ်ကြပါသည်။ မကောင်းသောကျမ်းမူများဖြစ်ကြသည်။ သို့သော် ပညာရှင်အများစုက လက်ခံကြသော(majority of manuscripts)ဆိုသည့်ကျမ်းမူ၏ ၈၀ မှ ၉၀ ရာခိုင်နှုန်းက (KJV)ဘာသာပြန်အခြေခံသော (Received Text)ကျမ်းမူကို မှန်ကန်ကြောင်းထောက်ခံနေပါသည်။

(KJV)ကဲ့သို့ ကောင်းမွန်သော၊ သစ္စာရှိသော၊ တိကျသော ဘာသာပြန်ကျမ်းစာ လိုအပ်ကြောင်းကို ဘာသာပြန်ခဲ့ကြသူများ၏ စကားလုံးများတွင် တွေ့နိုင်ပါသည်၊ "ဘာသာပြန်ခြင်းသည် အလင်းရောင်ဝင်လာရန်၊ ပြတင်းပေါက်ကို ဖွင့်ခြင်းဖြစ်သည်၊ အနှစ်ကိုစားသုံးနိုင်ရန် အခွံနွှာခြင်းဖြစ်သည်၊ အသန့်ရှင်းဆုံးအခန်းတော်ကိုမြင်ရရန်၊ ကုလားကာကို ဘေးသို့တွန်းဖွင့်ခြင်းဖြစ်သည်၊ တွင်းထဲမှရေသောက်နိုင်ရန်၊ ရေတွင်းကာကို ဖွင့်လိုက်ခြင်းဖြစ်သည်။" ထို့ကြောင့် ဘုရားသခင်က သူ၏စောင်မတော်မူခြင်းနှင့်ကျေးဇူးတော်အားဖြင့် ပေးတော်မူသော သူ၏နှုတ်ကပတ်တော်အပေါ် သစ္စာရှိကြပါမည်။ နှုတ်ကပတ်တော်စစ်ကိုသာ ကျေနပ်စွာ လက်ခံကြပါမည်။ (မြန်မာစာဖြင့် ဆရာယုဒသန်မူသည် ယနေ့ထိအကောင်းဆုံးဖြစ်သည်။ သို့သော် ၄င်းကို (KJV) နှင့်ကိုက်ညီ၍ဘာသာပြန်နိုင်လျှင်၊ အကောင်းဆုံးသောမြန်မာစာကျမ်းမူကိုရမည်ဖြစ်ရာ၊ ထိုသို့ပြုနိုင်သူများကို ဘုရားသခင်က ပေးတော်မူရန် ဆုတောင်းကြပါမည်)။

## ဘုရားသခင်အားသိခြင်း (Knowing God)

ခရစ်ယာန်ဘာသာ၏ အရေးကြီးဆုံးအချက်သည် ဘုရားသခင်ကိုသိခြင်းဖြစ်သည်။ သူ့ကိုသိခြင်းသည် ခရစ်ယာန်ဘာသာ၏ရည်ရွယ်ချက်ဖြစ်သည်။ အမြင့်ဆုံးရည်မှန်းချက်၊ ကြိုးပမ်းမှု ဖြစ်သည်။ အကြီးမြတ်ဆုံးကောင်းချီးမင်္ဂလာဖြစ်ပါသည်။ သခင်ယေရှုက ယော ၁၇း၃ တွင်ပြောခဲ့သလို၊ ထာဝရအသက်ဖြစ်သည်။

ဘုရားသခင်ကိုသိခြင်းပညာသည်၊ တခုတည်းသောစစ်မှန်သောအသိပညာဖြစ်သည်။ တကယ်တမ်းပြောရလျှင်၊ ဘုရားသခင်သာမရှိလျှင်၊ သူနှင့်ခွဲခွာလျှင်၊ ကျွန်တော်တို့သည် မိမိတို့ကိုယ်ကိုပင် သိနိုင်ကြမည်မဟုတ်ပါ။ ထိုအချက်မှန်ရခြင်းမှာ၊ ကျွန်တော်တို့သည် နှလုံးသားများ ပျက်ဆီးယိုယွင်းနေကြသော အပြစ်သားများ ဖြစ်ကြ၍သာမကပါ(ယေ ၁၇း၉)၊ ကျွန်တော်တို့ကို ဘုရားသခင်က သူနှင့်ဆက်ဆံခြင်းထဲ၌အသက်ရှင်သူများဖြစ်အောင် ဖန်ဆင်းထားသောကြောင့်လည်း ဖြစ်ပါသည်။ သူ့ထံမှခွဲခွာ၍၊ ကျွန်တော်တို့သည် မိမိတို့ကိုယ်ကို ဘယ်သူဖြစ်ကြောင်း၊ ဘာဖြစ်ကြောင်း မသိနိုင်ကြပါ။

ကျွန်တော်တို့၏ အကျင့်များကိုလည်း ဘုရားသခင်နှင့်ဆက်စပ်ခြင်းမှနေ၍သာ တရားစီရင်မည်ဖြစ်သည်။ လူတယောက်သည် မိမိ၏ပြုမူလုပ်ကိုင်မှု မှားသလား၊ မှန်သလားဆိုသည့်အကြောင်းကို၊ မိမိပြောသောစကားလုံးများ ကောင်းသလားဆိုးသလား ဆိုသည့်အကြောင်းကို၊ ဘုရားသခင်၏ပြည့်စုံသောသန့်ရှင်းသောစံနှုန်းဖြင့် နှိုင်းယှဉ်ခြင်းအားဖြင့်သာ သိနိုင်မည်ဖြစ်သည်။ ထိုအတွက်ကြောင့် ယနေ့ခေတ် လူမှုဘဝထဲတွင် ကိုယ်ကျင့်တရားစံနှုန်းများ အနည်းငယ်သာ ကျန်နေတော့ခြင်း ဖြစ်ပါသည်။ ဘာသာရေးဟု ယူဆလျှင်လည်းရနိုင်သော ပုံစံတမျိုးမျိုးကိုးကွယ်သူတို့အပါအဝင်၊ လူအများစုကြီးက ဘုရားသခင်ကို မသိကြပါ။ သူ့ကို လစ်လျူရှုထားကြပါသည်၊ သူတို့တွင် ကိုယ်ကျင့်တရားစံနှုန်း မရှိပါ။

ဘုရားသခင်ကိုသိခြင်းဆိုသည်မှာ ဩဝါဒများအကြောင်း တခေါင်းလုံးပြည့်သိခြင်းမဟုတ်ပါ၊ ဘုရားနှင့်ပတ်သက်သည့်အချက်များကို သိခြင်းမဟုတ်ပါ၊ ထိုအချက်အလက်တို့သည် ကျမ်းစာထဲမှ အချက်အလက်များ

အမှန်တရားများ ဖြစ်နေပါစေ၊ ဘုရားကိုသိခြင်းမမည်ပါ။ ထိုသို့ပြောသဖြင့် ဘုရားသခင်နှင့်ပတ်သက်လျှက် ကျမ်းစာက သင်ပေးသော အမှန်တရားများ၊ အချက်အလက်များ အရေးမကြီးပါဟု ပြောလိုခြင်းတော့ မဟုတ်ပါ။ အသိပညာသည် ယုံကြည်ခြင်း၏အစိတ်အပိုင်း ဖြစ်ပါသည်။ အသိပညာမပါလျှင် ယုံကြည်ခြင်းသည် အလကားဖြစ်ပါသည်။ လူတယောက်က မိမိဘာမှမသိသောဘုရားကို ယုံကြည်ပါသည်ဟု ပြောခြင်းသည် မဖြစ်နိုင်သောအရာဖြစ်သည်။ ဘုရားသခင်ကိုသိခြင်းသည် ထို့ထက်ပို၍ပါသည်။ လူတယောက်သည် ကျမ်းစာထဲတွင်တွေ့ရသော ဘုရားသခင်နှင့်ပတ်သက်သည့် ဩဝါဒများ၊ သင်ပေးချက်များကို ဦးနှောက်မှနေ၍ အလွန်များပြားစွာသိနေသော်လည်း ဘုရားသခင်ကိုမူ မသိဘဲနေခြင်းမျိုး ရှိပါသည်။

ဘုရားသခင်ကိုသိခြင်း အသိပညာသည် လက်တွေ့ဆန်သော(experiential) အသိပညာတမျိုးဖြစ်သည်။ ဘုရားသခင်သည် အလွန်ကြီးမားလှသဖြင့်၊ သူ့ကို စိတ်ကူးထည်ဖြင့်သာသိခြင်းမျိုး မဖြစ်နိုင်ပါ၊ စိတ်၏တွေးခေါ်ကြိုးစားမှုဖြင့်သာ သိခြင်းမျိုး မဖြစ်နိုင်ပါ။ သူ့ကို သိသူသည် သူနှင့်တွေ့စုံဖူးသူ၊ သူ့အသံကြားဖူးသူ၊ သူနှင့်သွားလာဖူးသူ၊ မိမိသူငယ်ချင်းအား သိသကဲ့သို့ သူ့ကိုသိသူ ဖြစ်ပါသည်။ အမှန်ပြောရလျှင်၊ ကျမ်းစာက ဘုရားသခင်ကိုသိခြင်းဟု ပြောနေသည့်အခါ၊ ထိုစကားလုံးသည် "ချစ်သည်"ဆိုသောစကားနှင့်တူသောစကားတလုံးဖြစ်ပါသည်။ ကျမ်းစာက လူတယောက် သူ့ဇနီးကိုသိသည်ဟု ပြောသည့်အခါ၊ လက်ထပ်ထိမ်းမြားခြင်း ၏ ချစ်လှစွာသောရင်းနှီးမှုကို ပြောနေခြင်းဖြစ်သလို၊ ဘုရားသခင်ကိုသိခြင်းဟု ကျမ်းစာကပြောသည့်အခါ ထိုသဘောနှင့် ပြောနေခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ဘုရားသခင်ကိုသိခြင်းဆိုသည်မှာ၊ သူ့ထံ၌မွေ့လျော်ခြင်း၊ သူ့ထံ၌ပျော်နေခြင်း၊ သူ့စကားကို နာခံခြင်း ဖြစ်ပါသည်။ ဘုရားသခင်သည် ကျေးဇူးတော်၊ ဂရုဏာတော်၊ ကြီးမြတ်တော်မူခြင်းတို့တွင် အလွန်အံ့ဩစရာကောင်းသူဖြစ်ပါသည်။ ထို့ကြောင့် တစုံတဦးက သူ့ထံတော်တွင် ပျော်ရွှင်မနေဘဲ၊ မချစ်ဘဲ၊ ဘုရားသခင်ကိုသိသည်ဟု ပြောခြင်းသည် မဖြစ်နိုင်သောကိစ္စဖြစ်ပါသည်။ ထိုသို့သောသူသည်၊ ကျမ်းစာက ပြောပြသမျှ ဘုရားသခင်၏အကြောင်းကို သေချာစွာသိပါသည်ဟု ပြောနေသော်လည်း၊ ဘုရားသခင်ကို ငြင်းပယ်သူသာဖြစ်ပါသည်။ ဘုရားသခင်ကို ကျောခိုင်းသူသာဖြစ်ပါသည်။ ဘုရားသခင်ကို မုန်းသောသူ၊ တကယ်တမ်းတွင် ဘုရားသခင်ကို လုံးလုံးမသိသူသာ ဖြစ်ပါသည်။ ထိုသို့သောသူ၏စိတ်နှလုံးသည် ကန်းနေပါသည်၊ နှလုံးသားသည် မာကျောနေပါသည်။

သင် ဘုရားသခင်ကို စစ်မှန်သောသိခြင်းဖြင့် သိပါသလား? နေ့တိုင်း ဘုရားသခင်သည်သာ သင့်၏အကြီးမားဆုံးနှစ်သက်ပျော်မွေ့ရာ၊ တကယ့်အမွေအနှစ်ဟု ပြသအသက်ရှင်နေပါသလား? သင့်ခွန်အားရှိသမျှ စိတ်နှလုံးအကြွင်းမဲ့ဖြင့် ဘုရားသခင်နှင့်သူ၏ဘုန်းတော်ကို ချစ်ပါသလား? သင် သူ့ထံတော်၌ ပျော်ပါသလား? သူ့ကို နာခံပါသလား?

++++++++++++++++++++++++++++++++++++++

# ဗျာဒိတ်ကျမ်းကိုဖွင့်ဟကြည့်ခြင်း (၃)

၁း၉–၂၀

၉ – ယေရှုခရစ်၏ဆင်းရဲခြင်းဒုက္ခမှစ၍ နိုင်ငံတော်ကို၎င်း၊ သီးခံတော်မူခြင်းကို၎င်း၊
သင်တို့နှင့်အတူဆက်ဆံသော အဘော် အဘက်၊ သင်တို့အကို၊ ငါယောဟန်သည်၊ ဘုရားသခင်၏
နှုတ်ကပတ်တော်နှင့် ယေရှုခရစ်၏သက်သေခံတော်မူချက်ကြောင့်၊ ပတ်မုကျွန်းမှာနေရစဉ်တွင်၊ ၁၀ –
သခင်ဘုရား၏နေ့၌ ဝိညာဉ်တော်ကိုခံရ၍၊ တံပိုးခရာကဲ့သို့ ငါ့နောက်၌ မြည်သောအသံ ကြီးကို ကြား၏။
၁၁ – မြည်သောအချက်ဟူမူကား၊ သင်သည်မြင်သောအရာကို စာစောင်၌ရေးထား၍၊ ဧဖက်မြို့ စမုရန မြို့၊
ပေရဂံမြို့၊ သွာတိရမြို့၊ သာဒိမြို့၊ ဖိလဒေလဖိမြို့၊ လောဒိကိမြို့၌ရှိသော အသင်းတော်ခုနှစ်ပါးထံသို့
ပေးလိုက်လော့ဟု ဆိုသ တည်း။ ၁၂ – ထိုသို့ ငါနှင့်စကားပြော၍အသံမြည်သောသူကို မြင်ခြင်းငှာ ငါသည်
လှည့်၍ကြည့်လျှင် ရွှေမီးခွက် ခုနှစ်လုံးကို ၎င်း၊ ၁၃ – ထိုမီးခွက်ခုနှစ်လုံးအလယ်၌

လူသားတော်နှင့်တူသောသူတဦးကိုငှင်း မြင်၏။ ထိုသူသည် ခြေသို့ တိုင်အောင် ဝတ် ခြုံလျှက်၊ ရင်တော်၌
ရွှေခါးပန်းကိုစည်းလျှက်ဖြစ်၏။ ၁၄ – ခေါင်းတော်နှင့်ဆံပင်တော်သည် ဖြူသောသိုးမွေးကဲ့သို့ငှင်း၊ မိုး
ပွင့်ကဲ့သို့ငှင်း ဖြူ၏၊ မျက်စိတော် သည်လည်း မီးလျှံကဲ့သို့ဖြစ်၏။ ၁၅ – ခြေတော်သည်လည်း
မီး၌ချွတ်ပြီးသော ကြေးဝါစစ် နှင့်တူ၏။ အသံတော်သည်လည်း သမုဒ္ဒရာသံ ကဲ့သို့ ဖြစ်၏။ ၁၆ –
လက်ျာလက်တော်သည်လည်း၊ ကြယ်ခုနှစ်လုံးကိုကိုင်၏။ ခံ တွင်းတော်ထဲကလည်း
ထက်သောသံလျှက်ထွက်၏။ မျက်နှာတော်သည် အရှိန်တန်ခိုးနှင့် ထွန်းတောက်သော နေကဲ့သို့ဖြစ်၏။ ၁၇ –
ထိုသူကိုမြင်သောအခါ၊ သေမတတ်ဖြစ်၍ ခြေတော်ရင်း၌ လဲလျှက်နေ၏။ ထိုသူသည် လက်ျာလက်တော်ကို
ငါ့အပေါ်သို့ တင်လျှက်၊ ကြောက်ရွံ့ခြင်းမရှိနှင့်။ ငါသည် အဦးဆုံးသောသူ၊ နောက်ဆုံး သောသူဖြစ်၏။ ၁၈
– အသက်ရှင်သောသူလည်း ဖြစ်၏။ ငါသည်အရင်သေသည်ဖြစ်၍၊ ကမ္ဘာအဆက်ဆက် အသက်နှင့်ပြည့်
စုံ၏။ မရဏာနှင့်မရဏာနိုင်ငံကိုလည်း၊ ငါအ စိုးရ၏။ ၁၉ – ထို့ကြောင့်၊ သင်သည်
မြင်ပြီးသောအရာတို့ကိုငှင်း၊ ယခုရှိသောအရာတို့ကိုငှင်း၊ နောင်ဖြစ်လတံ့သော အရာတို့ကို ငှင်း
ရေးထားလော့။ ၂၀ – ငါ့လက်ျာလက်၌ ထင်ရှားသောကြယ်ခုနှစ်လုံးနှင့် ရွှေမီးခွက်ခုနှစ်လုံး၏
နက်နဲခြင်းအရာဟူမူ ကား၊ မီးခွက်ခုနှစ်လုံးသည် အသင်းတော်ခုနှစ်ပါးဖြစ်၏။ ကြယ်ခုနှစ်လုံးသည်လည်း
ထိုခုနှစ်ပါးသောအသင်းတော်တို့ကို အုပ်ရသော တမန်ဖြစ်ကြ၏။

သခင်ခရစ်တော်၏ဗျာဒိတ်တော်ဆိုသည့်ကျမ်းတွင် ပထမဆုံးတွေ့ရသောဗျာဒိတ်တော်ဖြစ်ရာ၊ အင်မတန်သင့်တော်လှသောဗျာဒိတ်ဖြစ်သည်၊ အဘယ်ကြောင့်ဆိုသော် ရွှေမီးခွက်များအလယ်မှ ဘုန်းအသရေနှင့်ပြည့်ဝနေသောခရစ်တော်ကိုတွေ့နေရသောကြောင့်ဖြစ်သည်။ ဤဗျာဒိတ်တွင် အောက်ပါအချက်တို့ပါဝင်ကြသည်။

က။ ထိုဗျာဒိတ်ကိုလက်ခံရရှိသည့် အချိန်နှင့်ပတ်ဝန်းကျင်အခြေအနေ၊ ၉၊ ၁၀။ ယောဟန် ကိုယ်တိုင်ကရေးထားခြင်း ဖြစ်သည်(၉)။

၁။ သူသည် ညီအကိုဖြစ်သည်၊ သခင်ခရစ်တော်၌ အားလုံးသည် အထက်ကမွေးဖွားပေး၍ညီအကိုမောင်နှမများဖြစ်ကြပါသည်။ သူသည် ယုံကြည်သူတို့၏သူငယ်ချင်းလဲ ဖြစ်ပါသည်။ ထိုသူငယ်ချင်းဖြစ်မှုကို အချက်သုံးချက်ဖြင့်ပြောပြသည်။ ယုံကြည်သူအားလုံးသည် နှိပ်စက်ညှင်းဆဲခြင်းကို အတူတူခံကြရသည်။ နိုင်ငံတခုကိုပိုင်ကြသည်။ သခင်ယေရှုခရစ်တော်၏သီးခံခြင်းကို အတူတူရကြပါသည်။ သတိပြုရန်အချက်များမှာ၊–

(က) အသင်းတော်ကို နှိပ်စက်ညှင်းဆဲခြင်းထဲသို့ အမြဲတမ်းရောက်နေသလို တင်ပြထားသည်။

(ခ) နှိပ်စက်ခံရခြင်း၊ နိုင်ငံတော်၊ သီးခံခြင်း သုံးခုလုံးသည် အခြေခံအားဖြင့် သခင်ခရစ်တော်ထံမှလာကြသည်။ အားလုံးသည် ယုံကြည်သူတို့အတွက်ဖြစ်လာရခြင်းမှာ သခင်ခရစ်တော်ကြောင့်သာဖြစ်သည်။

(ဂ) နိုင်ငံတော်ကို နှိပ်စက်ခံရခြင်းနှင့်သီးခံခြင်းတို့ကြားတွင်ဖေါ်ပြသည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံတော်အတွက် ယုံကြည်သူတို့သည် နှိပ်စက်ခံကြရသည်၊ ၄င်းကို သီးခံကြသည်။

၂။ ယောဟန်သည် ပတ်မုဆိုသောကျွန်းကလေးပေါ်တွင် ရောက်နေသည်။ အာရှမိုင်းနားအလွန်ပင်လယ်ထဲတွင် တည်ရှိသည်။ ရောက်ရသည့်အကြောင်းမှာ ဘုရားသခင့်နှုတ်ကပတ်တော်နှင့် သခင်ယေရှု၏သက်သေခံချက်ကြောင့်ဖြစ်သည်။ ဆိုလိုသည်မှာ၊–

(က) ကျွန်းပေါ်သို့ တရားဟောရန်ရောက်နေသည်မဟုတ်။

(ခ) ဗျာဒိတ်တော်ကို လက်ခံဖို့ သွားနေခြင်းလဲ မဟုတ်။

(ဂ) သခင်ယေရှုအကြောင်းကို သစ္စာရှိစွာ သက်သေခံ၍၊ ရောမကေရဇ် ဒိုမီးရှန်း လက်ထက်တွင် ပြည်နှင်ဒဏ်ပေးခြင်းခံရ၍ ရောက်နေရသည်။

၃။ ယောဟန်သည် တနင်္ဂနွေနေ့တွင် ဝိညာဉ်တောကိုခံရသည်။ ထိုနေ့ကို သခင်ဘုရား၏နေ့ဟု ခေါ်သည်။ သခင်ဘုရားသေခြင်းမှ ရှင်ပြန်ထမြောက်သည့်နေ့ဖြစ်သည်။ “ဝိညာဉ်တော်ကိုခံရသည်”ဆိုသည်မှာ ဗျာဒိတ်တော်ကို ခံယူနိုင်သည်အဆင့်သို့ သူ၏ဝိညာဉ်ရောက်ရှိနေသည်ဟု ဆိုလိုခြင်းဖြစ်သည်။

ခ။ ယောဟန်ကိုရေးရန်အမိန့်ပေးခြင်း၊ ၁၀၊ ၁၁၊ ၁၉။ ထိုအမိန့်သည် "တံပိုးခရာ(ထရမ်းပက်)သံ"ကဲ့သို့သော မြည်သံကြီးဖြင့်ရောက်လာပါသည်။ ကျယ်လောင်ပြတ်သားသောအသံဖြစ်သည်။ သူ့နောက်မှမြည်လာသည်ကို ယောဟန်ကြားသည်။ ပြောဆိုသူက မိမိကိုယ်ကို "ငါသည် အာလဖနှင့်ဩမေဃ၊ အစနှင့်အဆုံးဖြစ်သူ"ဟု မိတ်ဆက်ပါသည်။ သခင်ခရစ်တော်က မိမိကိုယ်ကို ထိုသို့ဖေါ်ပြပါသည်၊ အငယ်(၈)တွင် သူသည် ဘုရားသခင်ဖြစ်ကြောင်းပြောပါသည်၊ ကော ၁း၁၅–၂၀။ ပေးတော်မူသောအမိန့်တော်တွင်၊–

၁။ ငယ် ၁၁၊ သူတွေ့သမျှကို စာအုပ်တွင်ရေးမှတ်ရမည်၊ ယခုတွေ့သောဗျာဒိတ်ကိုသာမက၊ နောက်ပိုင်းတွေ့မြင်ရသောအရာများအားလုံးကိုလည်း ရေးမှတ်ရမည်။

၂။ ထိုအကြောင်းကို ငယ် ၁၉ တွင်ထပ်၍ပြောပြသည်၊ "သင်မြင်ပြီးသောအရာတို့ကို"ဟု ပြောသည်၊ "ယခုရှိသောအရာတို့ကိုငှင်း၊" ဆိုလိုသည်မှာ အသင်းတော်ခုနှစ်ပါးသို့ ပို့ရသောစာကိုသာမဟုတ်၊ မျက်မှောက်ဖြစ်ပျက်နေသည်များအားလုံးကိုဆိုလိုသည်၊ "နောင်ဖြစ်လတံ့သော အရာတို့ကိုငှင်း" ဆိုလိုသည်မှာ ယောဟန်လက်ထက်မှ နောက်ဆုံးချိန်ရောက်သည်ထိကိုဖြစ်သည်။

၃။ ထိုသို့ရေးထားသောစာအုပ်ကို အာရှမိုင်းနားရှိ အသင်းတော်ခုနှစ်ခုသို့ ပို့ရမည်။ ထိုအသင်းတော်များမှာ၊–

(က) အာရှမိုင်းနာဒေသတွင် ထိုစဉ်က တကယ်ရှိနေခဲ့သောအသင်းတော်များဖြစ်သည်။

(ခ) ၎င်းတို့ကို သူတို့၏တည်နေရာအလိုက် အစီအစဉ်တကျဖေါ်ပြထားသည်။ ဖေက်မှနေ၍ မြောက်ပိုင်းရှိ ပေရဂံအထိ၊ ထိုမှတောင်ပိုင်းရှိ လောဒိကိ။

(ဂ) ထိုခုနှစ်ခုအပြင် အခြားအသင်းတော်အများ အာရှမိုင်းနားတွင် ရှိပါသေးသည်။ သို့သော် ခုနှစ်ခုကိုသာ ဖေါ်ပြရခြင်းမှာ (၇)ဆိုသည့်နံပတ်က ဘုရားသခင့်ပငြိညာဉ်၏ပြည့်စုံခြင်းသဘောကို ဖေါ်ပြသောကြောင့်ဖြစ်သည်။ ထို့အပြင် ထိုအသင်းတော်ခုနှစ်ခု၏အခြေအနေက၊ ခေတ်တိုင်းရှိအသင်းတော်တို့၏အခြေအနေများကို ဖေါ်ပြနိုင်သောကြောင့်ဖြစ်ပါသည်။

ဂ။ မီးခွက်များအကြားတွင်တွေ့ရသော သခင်ခရစ်တော်၊ ၁၂–၁၆။

၁။ "အသင်းတော်ခုနှစ်ပါး"ဆိုသည်က ခေတ်တိုင်းရှိအသင်းတော်ကို ဖေါ်ပြပါသည်။ အသင်းတော်သည် သခင်ခရစ်တော်အားဖြင့် အသက်ရှင်ခြင်း၏အလင်းကို ကိုင်ဆောင်ကြသူများဖြစ်ကြောင်း နိမိတ်ပုံနှင့် ပြောနေခြင်းဖြစ်သည်။ သခင်ခရစ်တော်သည် သူတို့အလည်တွင်ရှိပါသည်။ သခင်ခရစ်တော်မရှိလျှင် သူတို့သည် အလကားသာဖြစ်ပါသည်။

၂။ အသင်းတော်များတည်နေပုံသည် အတန်းလိုက်မဟုတ်ပါ၊ စက်ဝိုင်းပုံဖြစ်သည်။ အသင်းတော်သည် နိုင်ငံတခုတည်းတွင်မဟုတ်၊ တကမ္ဘာလုံးတွင်ရှိကြောင်း ပြောနေခြင်းဖြစ်သည်။ သူတို့သည် တဆက်ထဲမဟုတ်၊ သူတို့၏ညီညွတ်နေခြင်းသည် ဝိညာဉ်ရေးအရသာဖြစ်သည်။ သခင်ခရစ်တော်ကိုတွေ့မြင်ရပုံမှာ၊–

(က) "လူသားတော်ကဲ့သို့" မေရှိယ၏ဘုန်းအသရေကို ဆက်ခံမည့်သူအဖြစ် ဘိသိတ်ပေးခြင်းခံရသော သူ၏လူသားဇာတိကို ရည်ညွှန်းပါသည်၊ ဒံ ၇း၁၃။

(ခ) ဝတ်ရုံခြုံထားသည်၊ ၁၃၊ ယဇ်ပုရောဟိတ်ဝတ်ရုံဖြစ်သည်။ အမှုတော်ဆောင်ရန် အသင့်အနေအထားကို ပြောနေသည်။ ယဇ်ပူဇော်ရန်မဟုတ်တော့ပါ၊ ပြီးခဲ့ပြီဖြစ်သည်။

(ဂ) ဖြူသောဆံပင်၊ ဒံ ၇း၉ ကပြောသလို၊ ဘုရားဖြစ်ခြင်း၊ ထာဝရဖြစ်ခြင်းကိုပြောပြသည်၊ ၁၄။

(ဃ) မီးလျှံကဲ့သို့သောမျက်စိ၊ ထွင်းဖေါက်ခြင်း၊ တရားစီရင်ခြင်း၊ သန့်ရှင်းသောအမျက်ဒေါသကိုပြောသည်။

(င) ကြေးဝါနှင့်တူသောခြေ၊ ရန်သူများကိုနင်းခြေရန် အသင့်ဖြစ်ခြင်းကိုပြောသည်၊ ၁၅။

(စ) သမုဒ္ဒရာနှင့်တူသောအသံ၊ တန်ခိုး၊ ကြီးကျယ်ခန်းနားခြင်းကို ဆိုလိုသည်၊ ၁၅။

(ဆ) ညာဖက်လက်တွင်ရှိသော ကြယ်များက သင်းအုပ်များကိုဆိုလိုသည်၊ ၂၀။

(ဇ) လျှာသည် ဓါးကဲ့သို့၊ သူ၏တန်ခိုးကြီးသောနှုတ်ကပတ်တော်၊ တရားစီရင်ခြင်းကိုဆိုလိုသည်။

(ဈ) မျက်နှာသည် နေကဲ့သို့၊ ဘုန်းတော်၊ ကြီးကျယ်မြင့်မြတ်ခြင်း၊ ခန်းနားခြင်းကိုဆိုလိုသည်၊ ၁၆။

ယ။ နှစ်သိမ့်စရာစကား၊ ၁၇၊ ၁၈။ ဘုန်းတန်ခိုးနှင့်ခန်းနားခြင်းတို့ မြင့်မားလှသဖြင့် ယောဟန်ကျောက်လန့်နေပါသည်။ သို့သော် သခင်ခရစ်တော်က သူ့ညာဖက်လက်ကိုပုခုံးပေါ်တင်၍ နှစ်သိမ့်သည်။ ကြောက်စရာအကြောင်းမရှိပါ။ သူသည် အစဆုံးနှင့်နောက်ဆုံးသူဖြစ်သည်(၈၊ ၁၁)။ သူသည် သေပြီးမှပြန်ရှင်လာသူ၊ ထာဝရအသက်ရှင်သူဖြစ်တော်မူပါသည်။ သူသည် ငရဲ၊ ဟာဒိ၊ သေခြင်းနိုင်ငံတို့၏ သော့ကို ကိုင်ထားသူ ဖြစ်ပါသည်။ သေခြင်းတရားအပေါ် တန်ခိုးရှိသူဖြစ်ပါသည်။ မကြောက်ပါနှင့်။ ကြောက်ရန်မလိုပါ။